အလွတ်သဘောမြန်မာဘာသာပြန်ဆိုချက်

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ နျူကလီးယား

စမ်းသပ်မှုအပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သတင်းထုတ်ပြန်ချက်

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်

ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံသည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သက်ဆိုင်ရာဆုံးဖြတ်ချက်များနှင့် ဆန့်ကျင်သည့် နျူကလီးယား စမ်းသပ်မှုကို ထပ်မံဆောင်ရွက်ခဲ့ပါသည်။

အာဆီယံအနေဖြင့် ကိုရီးယားကျွန်းဆွယ်၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၏အရေးပါမှုကို ထပ်မံအတည်ပြုပြီး၊ ငြိမ်းချမ်းသောနည်းဖြင့် ကိုရီးယားကျွန်းဆွယ်၏ နျူကလီးယားလက်နက် ဖျက်သိမ်းခြင်းအပေါ် အပြည့်အဝထောက်ခံကြောင်းကို ထပ်လောင်းပြောကြားပါသည်။ ကျွန်ုပ်တို့သည် မြောက်ကိုရီးယားအား သက်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပြဋ္ဌာန်းချက်များကို လိုက်နာရန်နှင့် သက်ဆိုင်သူ အားလုံးကို ကိုရီးယား ကျွန်းဆွယ်၏ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးကို ထိန်းသိမ်းရေးအတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်ကြရန် နှင့် ဒေသအတွင်းနှင့် နိုင်ငံတကာ၏ လုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးအတွက် လမ်းခင်း ပေးသည့် ခြောက်နိုင်ငံဆွေးနွေးပွဲ ဆောလျင်စွာ ပြန်လည် စတင်ခြင်းကို ဖြစ်ပေါ်စေသော ပတ်ဝန်းကျင် တစ်ခု ဖန်တီးရန် တိုက်တွန်းပါသည်။